ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

(၁၅)ရက်မြောက်နေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်**

**( ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၅ ရက် )**

**[ ဗုဒ္ဓဟူးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၈၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၂.၀၆)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**စောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၅-၉-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေး။ ဦးရဲမြင့်စိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဖိုရမ် တက်ရောက်ရန်။ ဒေါ်နန်းနီနီအေး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်ကျိုန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ဆေးရုံတက်ရောက်ကုသနေပါသဖြင့်။ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ (၃၉)ကြိမ်မြောက် AIPA အစည်းအဝေးတက်ရောက်ရန်။ ဒေါက်တာသန်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ နော်ခရစ္စထွန်း(ခ)ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ အစည်းအဝေးတက်ရောက်ရန်။ ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ဆေးရုံတက်ရောက်ကုသနေပါသဖြင့်။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ မြေစစ်အစည်းအဝေးတက်ရောက်ရန်။ ဦးခင်ဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်သန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဒေါ်လွီးဇာ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ အလေးမပြုင်ပွဲဖွင့်ပွဲအခမ်းအနား။ ဦးဌေးတင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ မန်းထွန်းကြိုင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၊ ကျန်းမာရေး။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ကျန်းမာရေး။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ လယ်စစ်အစည်းအဝေးတက်ရောက်ရန်။ ဒုတိယဗိုလ်မှူးကြီးခင်မောင်အုန်း၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီးမောင်မောင်စိုး၊ တပ်မတော်သား

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဗိုလ်မှူးမျိုးမင်းအောင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ကျန်းမာရေး။ ဦးစိုးဝင်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ NRPC အစည်းအဝေးတက်ရောက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ဧင်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန် တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၃၉)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၄၀)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြား တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၉)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**လူနည်းစုနှင့် မျိုးတုံးပျောက်ကွယ်လုနီးဖြစ်သော ဆလုံ(ခ)မော်ကင်းလူမျိုးများနှင့် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကော့သောင်းခရိုင်အတွင်းရှိ မကျုံဂလက်၊ ညောင်ဝိ၊ ဂျာလန်း၊ ဂျာအုံနှင့် လင်နန်း ကျွန်းများတွင် ဒေသခံပြည်သူများ အခြေပြုခရီးသွားလုပ်ငန်း (CBT)များ ဖော်ဆောင်ပေးရန်နှင့် ထိုကျွန်း များပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်ကုမ္ပဏီ များ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ ယခု တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာ ခင်မောင်ဝင်း က လူနည်းစုနှင့် မျိုးတုံးပျောက်ကွယ်လုနီး ဖြစ်သော ဆလုံ(ခ)မော်ကင်းလူမျိုးများနှင့် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကော့သောင်းခရိုင်အတွင်းရှိ မကျုံဂလက်၊ ညောင်ဝိ၊ ဂျာလန်း၊ ဂျာအုံနှင့် လင်နန်းကျွန်းများတွင် ဒေသခံပြည်သူများ အခြေပြုခရီးသွားလုပ်ငန်း (CBT)များ ဖော်ဆောင် ပေးရန်နှင့် ထိုကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဒေါက်တာခင်မောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ်က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မောင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော် အထက်ပါမေးခွန်းကို မေးမြန်းရခြင်းရဲ့ အကြောင်းလေးကို ကျွန်တော် ရှင်းပြပါမယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်အတွင်းမှာရှိတဲ့ ဇာဒက်ကြီး၊ မကျုံဂလက်၊ ညောင်ဝိ၊ ဂျာလန်း၊ ဂျာအုံ၊ လင်နန်းဆိုတဲ့ ဒီကျွန်းများပေါ်မှာ ကျွန်တော်တို့ ဒေသခံတွေ မြိတ်၊ ထားဝယ်၊ ကလော၊ မွန်၊ ကရင်၊ ရခိုင် လူမျိုးစုံနေထိုင်ကြတယ်။ အဲဒါတွေနဲ့အတူ ကျွန်တော်တို့ ဒီ ဆလုံလူမျိုးများ နေထိုင်လာကြတာဆိုရင် နှစ်ပေါင်း(၁၅)နှစ်ခန့်ရှိခဲ့ပြီး ယခုအခါမှာ

ကျွန်တော်တို့က ဒီ MIC ခွင့်ပြုချက်ဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်ကုမ္ပဏီများကလည်း ဒီဒေသခံများနှင့် ဆလုံလူမျိုးများ နေထိုင်ရာကျွန်းများမှာရှိတဲ့ ရွာမြေဧရိယာတွေ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်နဲ့ ဒေသခံဆလုံလူမျိုးများရဲ့ သင်္ချိုင်းမြေပါမကျန်ပေါ့လေ။ သူတို့လာပြီးတော့ ဒီ ပိုင်ဆိုင်ရယူသိမ်းပိုက်ပြီးတော့ လုပ်ငန်းများထူထောင်ဖို့ ကြိုးပမ်းမှုတွေရှိနေခဲ့ပါတယ်။

ဒီကျွန်းမှာရှိတဲ့ ဒေသခံဆလုံလူမျိုးများနှင့် ဒေသခံများဟာ ရေသယံဇာတပြုန်းတီးလာမှု၊ ရှားပါးလာမှုကြောင့်လည်း ရေလုပ်ငန်းလုပ်ကိုင်စားသောက်လို့ ဘဝရပ်တည်မှုက ခက်ခဲလာတယ်။ ဒီလူနည်းစုမျိုးတုံးပျောက်ကွယ်လုဖြစ်တဲ့ ဆလုံတိုင်းရင်းသားများကလည်း သူတို့ရဲ့ သဘာဝအတိုင်း ရေပျော်တွေအဖြစ်နဲ့ သွားနေဖို့။ မိုးအခါမှာပေါ့လေ၊ ကျွန်းခိုဖို့ လူသူမနီးတဲ့ ကျွန်းများပေါ်မှာ လွတ်လပ်စွာ သူတို့သဘာဝအတိုင်း နေထိုင်ဖို့ဆိုတဲ့နေရာတွေဟာလည်း မရှိတော့ပါဘူး။ ဒါကြောင့် ကျွန်တော်တို့ လက်ရှိကျွန်းတွေပေါ်မှာ၊ ဆလုံလူမျိုးများအတွက်ကို ကွန်းခိုရာ နေရာဒေသများ၊ အခြေချနေထိုင်ဖို့ နေရာများ ပေးဖို့လိုအပ်လာပါပြီ။

နောက်တစ်ခါ သူတို့ရဲ့ သဘာဝအတိုင်း ငါးကို ဆူးထိုးတာတို့၊ ကင်ဖို့ငါးမျှားတာတို့ ဒီလို ရှာဖွေစားသောက်ဖို့ စားကျက်ကလည်း မရှိသလောက်ကို ဖြစ်သွားတဲ့အတွက်ကြောင့် စားကျက်မြေများလည်း သတ်မှတ်ပေးဖို့လိုသလို သူတို့ရဲ့ စိတ်ဝင်စားစရာကောင်းတဲ့ သဘာဝနဲ့ အနေအထားကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွေမှာ လုပ်ငန်းတစ်ခုအနေနဲ့၊ အသက်မွေးဝမ်းကျောင်းအနေနဲ့ မဖြစ်မနေ သူတို့ပါဝင်ဖို့ကလည်း လိုအပ်လာပါပြီ။ ဒါကြောင့် ဒီနောက်တစ်ခုက ဒေသခံ ဆလုံလူမျိုးတွေနဲ့ ဒေသခံတွေနေထိုင်တဲ့ ဒီနေရာတွေရဲ့ ကျွန်းတွေပေါ်မှာရှိတဲ့ ရွာများကိုလည်း ပြည်ထဲရေး အမည်ပေါက် တရားဝင်ရွာများအဖြစ် အသိအမှတ်ပြုပေးဖို့ကလည်း လိုအပ်နေပါပြီ။

ဒါ့ကြောင့် လေးစားအပ်သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတာက မျိုးတုံးပျောက်ကွယ်လုဖြစ်နေသော ဆလုံ(ခ)မော်ကင်းလူမျိုးများနှင့် ဒေသခံများ နေထိုင်လျက်ရှိတဲ့ ကော့သောင်းခရိုင်အတွင်းရှိ မကျုံဂလက်၊ ညောင်ဝိ၊ ဂျာလန်း၊ ဂျာအုံနှင့် လငန်းကျွန်းများတွင် ဒေသခံပြည်သူများကို အခြေပြုသော ခရီးသွားလုပ်ငန်း (CBT)များ ဖော်ဆောင်ပေးပါရန်နှင့် ထိုကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်ကုမ္ပဏီကြီးများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးပါရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဒေသခံပြည်သူများကိုယ်စား လေးစားစွာ မေးမြန်းအပ်ပါသည်ခင်ဗျား။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဦးအုန်းမောင်(ပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ကျွန်တော် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် မှ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော့်အနေဖြင့် ဒီကနေ့အစည်းအဝေးမှာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာဦးခင်မောင်ဝင်း မေးမြန်းထားတဲ့ လူနည်းစုနှင့် မျိုးတုံးပျောက်ကွယ်လုနီးဖြစ်သော ဆလုံ(ခ)မော်ကင်းလူမျိုးများနှင့် ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် ကော့သောင်းခရိုင်အတွင်းရှိ မကျုံ့ဂလက်၊ ညောင်ဝီ၊ ဂျာလန်း၊ ဂျာအုံနှင့် လင်နီးကျွန်းများတွင် ဒေသခံပြည်သူများ အခြေပြု ခရီးသွားလုပ်ငန်း (CBT)များ ဖော်ဆောင်ပေးရန်နှင့် ထိုကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များကို ဟိုတယ်နှင့်ခရီးသွား လုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများမှ ကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပတ်သက်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ဖြေကြားချက်များနှင့် ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆလုံတိုင်းရင်းသားများသည် ပင်လယ်ပြင်အတွင်း မိသားစုအလိုက် ကဗန်းလှေပေါ်တွင် နေထိုင်ကာ ပင်လယ်မျှော့၊ ငါးများနှင့် ရေထွက်ပစ္စည်းများ ရှာဖွေစားသောက်သည့် လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသော လူမျိုးဖြစ်ပြီး ကော့သောင်းခရိုင်အတွင်းရှိ မကျုံ့ဂလက်၊ ညောင်ဝီ၊ ဂျာလန်း၊ ဂျာအုံနှင့် လင်နီးကျွန်းများတွင် ဆလုံလူမျိုး၊ ကရင် - ဆလုံလူမျိုး၊ မွန် - ဆလုံလူမျိုး၊ ဗမာ - ဆလုံလူမျိုး၊ ပအိုဝ်း - ဆလုံလူမျိုးများနေထိုင်၍ စုစုပေါင်းအိမ်ထောင်စု (၃၁၅)စုနှင့် လူဦးရေ(၁၂၅၈)ဦးခန့်ရှိကြောင်း သိရှိရပါတယ်။

ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)သည် ရပ်ရွာဒေသအဆင့်တွင် ဒေသခံများကိုယ်တိုင်ပါဝင်လုပ်ကိုင် ဆောင်ရွက်ပြီး ၎င်းတို့ကိုယ်တိုင် စီမံခန့်ခွဲ၍ ရပ်ရွာဒေသခံများ၏ ရေရှည်တည်တံ့ခိုင်မြဲရေး၊ တည်တံ့ရှင်သန်ရေးကို အထောက်အကူပြုခြင်း၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ရည်မှန်းချက်များ အောင်မြင်စေခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစားစီးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာလူထုတို့အကြား အကျိုးအမြတ်များ ခွဲဝေရန်သာမက ခရီးသွားဧည့်သည်များနှင့် ဒေသခံများအကြား အပြန်အလှန် နားလည်မှုနှင့် ညီညွတ်မျှတမှုတို့ကို အလေးပေးဆောင်ရွက်ခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းရရှိစေခြင်းနှင့် လူနေမှုအဆင့်အတန်းမြင့်မားရေးတို့ကို ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ထားဝယ်ခရိုင်တွင် လောင်းလုံးမြို့နယ်၊ စမ်းလှမ်းကျေးရွာအား (Pilot Project)အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပြီး၊ မြိတ်ခရိုင်၊ ကျွန်းစုမြို့နယ်၊ ဒုံညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ မကျုံ့ဂလက်

ကျေးရွာများအား အစဉ်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်ပြီးမှသာ ကျန် ဆလုံ ကျေးရွာများတွင် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မှာဖြစ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ကုမ္ပဏီ(၉)ခုမှ ကျွန်း(၁၂)ကျွန်းပေါ်တွင် မြေငှားရမ်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ဟိုတယ်တည်ဆောက်ခြင်း၊ လွှဲပြောင်းခြင်းဆိုင်ရာ သဘောတူစာချုပ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့်ချုပ်ဆို၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စစ်ဆေးမှုကိုခံယူပြီး ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ၎င်းကုမ္ပဏီများမှ ယခုအခါမှာ တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေနှင့် ပင်လယ်အော်များအား လက်ဝါးကြီးအုပ်သိမ်းပိုက်မှုမရှိစေရေးနှင့် အဆိုပါကုမ္ပဏီများမှ လုပ်ငန်းများအတွက် အမှန်တကယ် အသုံးပြုရန် ခွင့်ပြုထားသော အသုံးပြုဧရိယာများကိုသာ လုပ်ငန်းများဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။ ခရီးသွားလုပ်ငန်းဆောင်ရွက်နေတဲ့ ကျွန်းများပေါ်ရှိ လုပ်ငန်းရှင်ကုမ္ပဏီများမှ ဒေသခံရေလုပ်ငန်း လုပ်ကိုင်သူများအတွက် ရေချိုရရှိရေးအတွက်သော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်ချိန် နားခိုရန်အတွက်သော်လည်းကောင်း ဆောင်ရွက်လျက်ရှိပါကြောင်း တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖြေကြားထားရှိပါတယ်။

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် ကျွန်းဖီလာပေါ်ရှိ ဆလုံကျေးရွာဖြစ်သော ဂျအုံးကျေးရွာမှ ရွာသူရွာသားများနှင့် ကျွန်းဖီလာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ဖြင့် ဟိုတယ်နှင့် အပန်းဖြေစခန်း တည်ဆောက်လုပ်ကိုင်မယ့် Mokan International Co.,Ltd အကြား မြေယာပြဿနာများမရှိစေရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနမှလည်း ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)များ ဖော်ဆောင်ပေးမှုနှင့်ပတ်သက်၍ စူငယ်ဘာလိုင်းကျေးရွာအုပ်စု၊ မကျုံဂလက်ကျေးရွာ၌ (CBT) လုပ်ငန်းကော်မတီအဖွဲ့အား ရွေးချယ်ရာတွင် ဒေသခံဆလုံလူမျိုးများ၏ သဘောဆန္ဒဖြင့်သာ ရွေးချယ်ခဲ့ပါကြောင်း ကော့သောင်းခရိုင်အတွင်း ကျွန်းများပေါ်ရှိ ရွာမြေများ၊ ပင်လယ်ကမ်းခြေ၊ ပင်လယ်အော်များ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီများအား လုပ်ကိုင်ခွင့်ပြုရာတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် MIC ၏ ခွင့်ပြုချက်ရရှိထားသော ကုမ္ပဏီများကိုသာ သဘောတူစာချုပ်များချုပ်ဆို၍ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုထားခြင်းဖြစ်ပါကြောင်း၊ လုပ်ငန်းအတွက် အမှန်တကယ် အသုံးပြုရန် ခွင့်ပြုထားသော ဧရိယာများကိုသာ လုပ်ငန်းဆောင်ရွက်စေရေး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်ကြားထားရှိပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်း ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများ ဖော်ဆောင်နိုင်ရေးအတွက် ထားဝယ်ခရိုင်တွင် လောင်းလုံမြို့နယ်၊ စမ်းလှမ်းကျေးရွာအား (Pilot Project) အဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြိတ်ခရိုင်တွင် ကျွန်းစုမြို့နယ် ဒုံးညောင်မှိုင်းကျေးရွာနှင့် ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ် မကျုံဂလက်ကျေးရွာတို့တွင် အစဉ်အလိုက် ရပ်ရွာလူထုအခြေပြုခရီးသွားလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်

သွားမည်ဖြစ်ပါကြောင်းနှင့် ကျွန်းများပေါ်တွင် ကုမ္ပဏီများမှ ဟိုတယ်ခရီးသွားလုပ်ငန်း ဆောင်ရွက်နေမှုသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ခွင့်ပြုချက် မြေငှားရမ်းစာချုပ်နှင့် B.O.T စာချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနတို့၏ ခွင့်ပြုမိန့်များဖြင့် စီမံဆောင်ရွက်လျက်ရှိနေပါသဖြင့် လုပ်ငန်းရှင်ကုမ္ပဏီများ၏ လက်ဝါးကြီးအုပ် သိမ်းပိုက်မှုများကို မဖြစ်ပေါ်စေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ကိုယ်စားလှယ်တော်ကြီး၏ မေးခွန်းအား ပြန်လည်ဖြေကြားအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်လေးဦး မေးမြန်းတဲ့ မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ဟောင်းနွမ်းနေသည့် အဆောက်အဦအား ဖြိုဖျက်ပြီး (၃)ထပ်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။　　။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ဟောင်းနွမ်းနေသည့် အဆောက်အဦအား ဖြိုဖျက်ပြီး (၃)ထပ်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။　　။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို ဦးစွာ နှုတ်ခွန်း ဆက်သအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အဦဟာ အိုမင်းဟောင်းနွမ်းနေတဲ့အပြင် လမ်းအလယ်ခေါင်မှာ တည်ရှိနေပါတယ်။ လမ်းတစ်ဝက်ပိတ်ပြီး အဆောက်အဦက မြင်ကွင်းကွယ်နေပါသဖြင့် ယာဉ်တိုက်မှုများလည်း မကြာခဏ ဖြစ်ပေါ်လျက်ရှိပါတယ်။ သို့ဖြစ်ပါသောကြောင့် ယင်းအဆောက်အဦအား ဖြိုဖျက်ပြီး လက်ရှိအဆောက်အဦ၏ အနောက်ဘက်ရှိ ဂိုဒေါင်နေရာတွင် သုံးထပ်အဆောက်အဦ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**စစ်တွေ - မေယုဒေသ ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မေယုမြစ်ကူးတံတားကို မူစဲကျွန်းမှ တစ်ဆင့် ဖြတ်သန်းပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က စစ်တွေ - မေယုဒေသ ဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မေယုမြစ်ကူးတံတားကို မူစဲကျွန်းမှတစ်ဆင့် ဖြတ်သန်းပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ဦးခင်မောင်လတ် ပါ။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ အနောက်ဘက် မောင်တော၊ ဘူးသီးတောင် မြို့နယ်တွေပါတဲ့ ဒေသဟာ မေယုဒေသဖြစ်ပါတယ်။ မောင်တောမြို့ဆိုရင် အခုအချိန်မှာ စီးပွားရေး၊ နိုင်ငံရေး၊ နယ်စပ်ရေး၊ လုံခြုံရေးအရ အလွန်အရေးပါတဲ့မြို့ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ UEHRD ဖွံ့ဖြိုးရေးစီမံကိန်းတွေကို အပူတပြင်း တည်ဆောက်နေတဲ့ မြို့လည်းဖြစ်ပါတယ်။ မောင်တောမြို့ဟာ စစ်တွေမြို့ကနေ အဖြောင့်တိုင်းရင် (၅၆)မိုင်ပဲ ဝေးပါတယ်။ ဒါပေမဲ့ တိုက်ရိုက်သွားလို့ မရပါဘူး။ (၅)မိုင်ခန့်ကျယ်တဲ့ မေယုမြစ်က အဆက်ဖြတ်ထားလို့ဖြစ်ပါတယ်။ ဒီမြစ်ကို တံတားထိုးလိုက်မယ်ဆိုရင် စစ်တွေက မောင်တောကို (၂)နာရီအတွင်း ကားဖြင့်ရောက်နိုင်ပါတယ်။ အခုတော့ ပြည်ထောင်စုဝန်ကြီးတွေ၊ နိုင်ငံတကာက ပုဂ္ဂိုလ်ကြီးတွေဟာ စစ်တွေကနေ မောင်တောကိုသွားရင် ရဟတ်ယာဉ်တွေကို အသုံးပြုနေရပါတယ်။


ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီတံတားကို ထိုးဖို့ကိစ္စဟာ အမျိုးသားလွှတ်တော်မှာ နှစ်ကြိမ်ပါရှိခဲ့ပြီး ဖြစ်ပါတယ်။ ၂၀၁၀ ပြည့်နှစ် အရေးအခင်းမှာ နယ်စပ်ဒေသလုံခြုံရေးကို ကျွန်တော် တင်ပြတဲ့အခါ၊ ပြည်ထဲရေးဌာနက ဖြေဆိုတဲ့အခါ တစ်ခါ၊ ၂၀၁၅ ခုနှစ်မှာ အမျိုးသားလွှတ်တော်မှာ ဒေါက်တာ အေးမောင် မေးမြန်းတဲ့အခါ ဆောက်လုပ်ရေးဝန်ကြီးဌာနက ဖြေကြားခဲ့တာ တစ်ခါ၊ နှစ်ခါ ရှိခဲ့ပါတယ်။ ဒီတံတားကို ထိုးပေးဖို့ ဆောက်လုပ်ရေးဝန်ကြီးဌာနက ချထားတာက ပင်လယ်ဝ၊ မေယုမြစ်ဝကို ဖြတ်ပြီး တံတားထိုးပေးဖို့ဖြစ်ပါတယ်။ အခု ကျွန်တော် အကြံပြုတဲ့ အစီအစဉ်က တံတားကြီးတစ်စင်း အစား တံတားကလေး(၃)စင်းဖြင့် မူစဲကျွန်းကို ဖြတ်ပြီးတော့ ထိုးမယ့်အစီအစဉ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြဖို့ တောင်းခံအပ်ပါတယ်။ အခု ဒီမှာ ဘယ်ဘက် အပေါ်ကဟာက မောင်တောလမ်းပိုင်းပါ။ (၄၅)မိုင် ရှည်ပါတယ်။ ကွန်ကရစ်လမ်း ဖြစ်ပါတယ်။ အောက်ဘက်က စစ်တွေလမ်းပိုင်းပါ။ (၁၁)မိုင်ရှည်ပါတယ်။ အလယ်မှာချထားတာက မေယုမြစ်ဝဖြစ်ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက ချထားတာက အဲဒီတံတားပဲ ဖြစ်ပါတယ်။ ညာဘက်က လမ်းက စစ်တွေကနေ ရသေ့တောင်သွားတဲ့လမ်း ဖြစ်ပါတယ်။ ကျွန်တော့်အစီအစဉ်နဲ့သာ တကယ် အကောင်အထည်ဖော်ရင် ရသေ့တောင်မြို့ဆို (၁)နာရီရောက်မှာဖြစ်ပါတယ်။ မောင်တောကို (၂)နာရီ အတွင်း ရောက်မှာဖြစ်ပါတယ်။ အောက်ကအပြာရောင်က ဆောက်လုပ်ရေးဝန်ကြီးဌာနက လျာထားတာ


ဖြစ်ပါတယ်။ အခု ကျွန်တော် အကြံပေးတာက တံတား(၁)၊ တံတား(၂)၊ တံတား(၃) (၃)စင်းဖြစ်ပါတယ်။ အဲဒီ (၃)စင်းထိုးလိုက်ရင် နဂိုဖြစ်တဲ့ မောင်တော - အငူမော်လမ်းကို ပြန်ပြီးတော့ ရောက်ပါတယ်။ အကျိုးကျေးဇူးကတော့ ညာဘက်က လမ်းအတိုင်းသွားလို့ရှိရင် ရသေ့တောင်မြို့ကို (၁)နာရီအတွင်း ရောက်နိုင်တဲ့ အကျိုးကျေးဇူး ရရှိမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အခု ကျွန်တော် အကြံပြုမယ့်ဟာက မူစဲကျွန်းကို ဖြတ်ပြီး တည်ဆောက်မယ့်တံတားဟာ (၃)စင်းဖြစ်ပါတယ်။ မူစဲကျွန်းကသွားရင် ရသေ့တောင်ကို (၂)နာရီအတွင်းမှာ ရောက်နိုင်ပါတယ်။ အကျိုးကျေးဇူးတွေကတော့ အတွင်းဘက်ကျပြီးတော့ သဘာဝဘေးနှင့် စစ်ရေးဘေးဒဏ်က ပိုပြီးတော့ လုံခြုံလာမှာဖြစ်ပါတယ်။ တည်ဆောက်ရေးလွယ်ကူပြီး ကုန်ကျစရိတ်လည်း သက်သာလာမှာ ဖြစ်ပါတယ်။ ပြီးတော့ စစ်တွေကနေ ရသေ့တောင်မြို့ကို (၁)နာရီအတွင်း ရောက်နိုင်တဲ့ အပိုဆုတစ်ခုကိုလည်း ရရှိလာမှာဖြစ်ပါတယ်။ အဲဒါကြောင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာက မေယုမြစ်ကူးတံတားကို မူစဲကျွန်းကတစ်ဆင့် တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ရသေ့တောင်၊ မောင်တော ဆက်သွယ်ရေးလမ်းကြောင်း ပြပုံ (လ)




မူစဲကျွန်းကို ဖြတ်၍ တည်ဆောက်မည့်တံတား (၃)စင်းပြမြင်ကွင်းပုံ (လ-၁)



**ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းရှိ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစိုင်းအုန်းကျော်က ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းရှိ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးစိုင်းအုန်းကျော်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စိုင်းအုန်းကျော် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်းနှင့် စပ်လျဉ်းတဲ့မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းရှိ နောင်ချို၊ ဂုတ်တွင်းလမ်းပိုင်းဟာ လားရှိုး - မန္တလေးလမ်းရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံ စီးပွားကူးသန်းသွားလာလျက်ရှိတဲ့ အဓိက ကုန်သွယ်ရေးလမ်းမကြီးပေါ်မှာ တည်ရှိပါတယ်။ အဆိုပါ လမ်းပိုင်းမှာ ကုန်တင်ယာဉ်ကြီးများ အမြောက်အမြား ဖြတ်သန်းသွားလာလျက်ရှိသည့်အပြင် မကြာခဏဆိုသလို ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်လျက်ရှိတဲ့အတွက် ကုန်စည်စီးဆင်းမှုကို နှောင့်နှေးကြန့်ကြာစေလျက်ရှိပါတယ်။ ယခုအခါ နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ် နယ်နိမိတ်အတွင်း နိုင်ငံတော်စီမံကိန်းအဖြစ် ဆောင်ရွက်လျက်ရှိနေတဲ့ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်းတံတားသစ်ချဉ်းကပ်လမ်း စီမံကိန်းနဲ့ပတ်သက်ပြီး ဒေသခံပြည်သူလူထုနဲ့ စီမံကိန်းအကောင်အထည်ဖော်သူများအကြား အငြင်းပွားဖွယ်ရာများ ဖြစ်ပေါ်လျက်ရှိပါတယ်။

ဒီစီမံကိန်းကို အကောင်အထည်ဖော် လုပ်ဆောင်နိုင်ဖို့အတွက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှာ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဦးစီးပြီး စီမံကိန်းနဲ့ပတ်သက်တဲ့ ကနဦးဆန်းစစ်ခြင်း အစီရင်ခံစာ (IEE)ကို ပြုစုပေးခဲ့ကြောင်း သိခဲ့ရပါတယ်။ ၎င်းအစီရင်ခံစာကို ပြုစုပြီးနောက်ပိုင်းမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနရဲ့ တာဝန်ပေးချက်အရ Oriental High Way Company Limited မှ တံတားတည်ဆောက်ရေး၊ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ကွင်းဆင်းတိုင်းတာခြင်းများ ပြုလုပ်လျက်ရှိပြီး လမ်းစီမံကိန်း နယ်မြေအတွင်းပါဝင်တဲ့ မြေယာတွေကို လျော်ကြေးပေးဆောင်ရန် ပြင်ဆင်လျက်ရှိကြောင်း သိရှိရပါတယ်။ ကနဦးဝန်းကျင် ဆန်းစစ်ခြင်းအစီရင်ခံစာထဲမှာ အားနည်းချက်များရှိနေပြီး အစီရင်ခံစာပြုစုရာတွင် စီမံကိန်းကြောင့် ထိခိုက်နစ်နာသူများအားတွေ့ဆုံ၍ လူထုတွေ့ဆုံဆွေးနွေးပွဲများပြုလုပ်ခြင်းအပိုင်းမှာလည်း လွန်စွာအားနည်းနေကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ စီမံကိန်းကို စတင်အကောင်အထည်ဖော်ဖို့ လုပ်ဆောင်ကြတဲ့အခါ ၂၀၁၆ ခုနှစ်တွင် နောင်ချိုမြို့ရှောင်လမ်းစီမံကိန်းဟု ရေးသားဖော်ပြခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ဂုတ်တွင်းတံတားသစ် ချဉ်းကပ်လမ်းစီမံကိန်းဟု ပြောင်းလဲကာ ရေးသားဖော်ပြခဲ့ခြင်းအတွက် ဒေသခံပြည်သူများဟာ စီမံကိန်းနဲ့ပတ်သက်တဲ့ အကြောင်းအရာ အချက်အလက်တွေကို တိကျစွာမသိရှိရတဲ့အပြင် လမ်းမကြီး

တည်ဆောက်မယ့် တည်နေရာ သတ်မှတ်ခြင်းအပိုင်းမှာလည်း ရှင်းလင်းမှုမရှိတာကို တွေ့ရှိရပါတယ်။ ကျောက်မဲမြို့နယ်ဘက်ခြမ်းရှိ လမ်းပိုင်းမှာဆိုရင် လမ်းအကျယ်အဝန်းနှင့် တည်နေရာဟာ ရှင်းလင်းမှု မရှိဘဲ လမ်းမကြီးဖောက်လုပ်သွားမယ့် တည်နေရာကိုလည်း ဒေသခံပြည်သူများက ရှင်းလင်းစွာ သိရှိသဘောပေါက်နားလည်ခြင်း မရှိကြတာကို လေ့လာတွေ့ရှိရပါတယ်။ စီမံကိန်းကြောင့် ထိခိုက် နစ်နာမယ့် လယ်ယာမြေ၊ အိမ်ခြံမြေများနဲ့ ပတ်သက်လို့ လျော်ကြေး၊ နစ်နာကြေးများ ပေးလျော်တဲ့ အခါမှာလည်း လျော်ကြေးငွေ လက်ခံယူကြရန်နှင့် (၆)လအတွင်း လာရောက်ထုတ်ယူခြင်းမပြုပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းသွားမှာဖြစ်ကြောင်း အစရှိသဖြင့် အတင်းအကြပ် ဖိအားပေးနေမှု များလည်းရှိကြောင်း ဒေသခံပြည်သူများရဲ့ တင်ပြချက်အရ သိရှိခဲ့ရပါတယ်။

ယခု လျော်ကြေးငွေကို ထုတ်ယူကြတဲ့ ဒေသခံပြည်သူများဟာလည်း လျော်ကြေး၊ နစ်နာကြေးများ မရတော့မှာကို စိုးရိမ်ပြီး ထုတ်ယူနေကြခြင်းသာဖြစ်ကြောင်း၊ လျော်ကြေးငွေပေးတဲ့ နေရာမှာလည်း ဒေသပေါက်ဈေးထက် များစွာကွာဟတဲ့ပမာဏကို ရရှိခဲ့ကြောင်း ဒေသခံပြည်သူများက ပြောကြားတာ သိရှိရပါတယ်။ စီမံကိန်းအတွင်း ပါဝင်နေတဲ့ နောင်ချိုမြို့ပေါ်ရှိ မြို့မြေများကိုလည်း ယာမြေအဖြစ် သတ်မှတ်ကာ ယာမြေပေါက်ဈေးနှုန်းဖြင့် ပေးလျော်နေခြင်းများလည်း ရှိနေတဲ့အတွက် လျော်ကြေးငွေများကို မည်ကဲ့သို့ သတ်မှတ်ထားတယ်ဆိုတာကိုလည်း ပွင့်လင်းမြင်သာစွာ ဆွေးနွေးချပြ ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရှိရပါတယ်။

သို့ပါ၍ မေးမြန်းလိုသည်ကတော့ ယခုစီမံကိန်းသည် နိုင်ငံတော်မှ ဆောင်ရွက်နေသည့် စီမံကိန်းဖြစ်သော်လည်း ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE)အပိုင်းကိုသာ ဆောင်ရွက်ထားကြောင်း ကိုသာ သိရှိရပြီး ပတ်ဝန်းကျင် ထိခိုက်ဆန်းစစ်ခြင်း (EIA)အပိုင်းကို ပြည့်စုံစွာ ဆောင်ရွက်ထားခြင်း ရှိ/မရှိ အဆိုပါစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ မည်ကဲ့သို့စီမံဆောင်ရွက်နေကြပြီး မည်သည့်ကုမ္ပဏီကို မည်သို့သောပုံစံဖြင့် တာဝန်ပေးအပ်ထား၍ ဘဏ္ဍာရေးကိစ္စ--------။

**ဥက္ကဋ္ဌ**။ ။ အချိန်ပြည့်သွားပါပြီ။

**ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အောင်စိုးမိုးကျေးရွာနှင့် နောင်လုံကောင်ရာကျေးရွာကြားရှိ နမ့်ခန်းယန် (ခေါ်) (၈)မိုင် လယ်ကွင်းသို့ သွားသောလမ်းအား တောင်သူများ နွား၊ မိုး၊ ဆောင်း သွားလာနိုင်ရန်အတွက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးနောင်နဂျာတန် က ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အောင်စိုးမိုးကျေးရွာနှင့် နောင်လုံကောင်ရာကျေးရွာကြားရှိ နမ့်ခန်းယန် (ခေါ်)(၈)မိုင် လယ်ကွင်းသို့ သွားသောလမ်းအား တောင်သူများ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရန် အတွက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ဖြစ် ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေလို့ ဆုတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးနောင်နဂျာတန် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးလိုတဲ့မေးခွန်းကတော့ တနိုင်းမြို့နယ်မှာရှိတဲ့ အောင်စိုးမိုးကျေးရွာနှင့် နောင်လုံကောင်ရာကျေးရွာကြားမှာရှိတဲ့ (၈)မိုင် လယ်ကွင်းသို့သွားသော ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်း၍ မေးခွန်းမေးမှာ ဖြစ်ပါတယ်။

မေးခွန်းမေးမြန်းရခြင်း အကြောင်းအရင်းမှာ တနိုင်းမြို့နယ်၊ အောင်စိုးမိုးနှင့် နောင်လုံကောင်ရာကျေးရွာ ကြားမှာရှိတဲ့ နမ့်ခန်းယန်(ခေါ်) (၈)မိုင်လယ်ကွင်းတွင် ဒေသခံတောင်သူ(၁၃၆)ဦးမှာ လယ်ဧကပေါင်း (၉၀၀.၈၈)ဧကကို ဘ၀၀မ်းစာ ဖူလုံရေးအတွက် အဓိကထား ထွန်ယက်စိုက်ပျိုးလျက်ရှိပါတယ်။ သို့သော်လည်းပဲ တောင်သူများသည် အရင်ပါလီမန်အစိုးရခေတ် ၁၉၆၀ ပြည့်နှစ်က ဖောက်လုပ်သော ပြည်တော်သာလမ်းဟောင်းကို ပြန်လည်ပြီး ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြုပြင်အသုံးပြုသော်လည်း လမ်းမြောင်းများတွင် ရေပွန်ထည့်ထားသော အမ်ကူပိုက်များ ပျက်စီး၍သော်လည်းကောင်း၊ သဲကျောက်များ မခင်းနိုင်၍သော်လည်းကောင်း၊ မိုးတွင်းနှင့် ဆောင်းရာသီတွင် စပါးသယ်ယူရာ၌ အင်မတန်မှ အခက်အခဲများနဲ့ ရင်ဆိုင်နေရပါတယ်။

နောက်ပြီး အရင်ပါလီမန်ခေတ်အစိုးရမှ တူးဖော်ပေးထားသော ရေနုတ်မြောင်းများလည်း နှစ်တွေကြာလာသည်နှင့်အမျှ ပျက်စီးတိမ်ကောလာပါသည်။ သို့ဖြစ်ပါ၍ တချို့လယ်ကွက်များတွင် ရေများလည်း နစ်မြုပ်လျက်ရှိပါသည်။ ၎င်းလမ်းကို နိုင်ငံတော်အစိုးရမှ မွမ်းမံပြင်ဆင်ဖောက်လုပ်ပေးပါရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၃၅။**

**ဦးကျော်လင်း(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ ဦးကျော်လင်း ဖြစ်ပါတယ်။

ကျွန်တော့်အနေဖြင့် ချင်းပြည်နယ် အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း မှ မေးမြန်းထားတဲ့ ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီး

ဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၏ ဟောင်းနွမ်းနေသည့် အဆောက်အအုံအား ဖြိုဖျက်ပြီး (၃)ထပ်အဆောက်အအုံ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်း ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဖလမ်းခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး အဆောက်အအုံသည် ဖလမ်းမြို့ ဗလိုင်ရပ်ကွက်တွင် တည်ရှိပြီး အလျားပေ(၁၂၀)၊ အနံပေ(၃၀)ရှိသည့် သွပ်မိုး၊ အုတ်စီ၊ ပျဉ်ခင်းအမျိုးအစားဖြစ်ပါတယ်။ အဆိုပါ အဆောက်အအုံအား ၁၉၅၆ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး သက်တမ်းကာလ (၆၂)နှစ် ရှိပြီဖြစ် ပါတယ်။ လက်ရှိအဆောက်အအုံအား ဖြိုဖျက်၍ RC(၂)ထပ်ရုံး အဆောက်အအုံဆောက်လုပ်ရန်အတွက် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်နယ်မူလငွေလုံးငွေရင်း ရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ပြီး ရန်ပုံငွေ မရရှိခဲ့ပါသဖြင့် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ပြည်နယ်မူလငွေလုံးငွေရင်း ရန်ပုံငွေမှာ ထပ်မံ တင်ပြတောင်းခံခဲ့ပါသော်လည်း ခွင့်ပြုရန်ပုံငွေတွင် ပါဝင်ခြင်းမရှိကြောင်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ဆက်လက်ပြီးတော့ ရန်ပုံငွေတွင် လျာထားတင်ပြ တောင်းခံပြီး ရန်ပုံငွေ ရရှိမှုအပေါ် မူတည်ပြီးတော့ ရုံးသစ်ဆောက်လုပ်ခြင်းလုပ်ငန်းအား အကောင်အထည်ဖော်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရခိုင်ပြည်နယ် အမှတ်(၃) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် မှ မေးမြန်းထားတဲ့ စစ်တွေ - မေယု ဒေသဆက်သွယ်ရေးလမ်းကြောင်းဖြစ်သော မေယုမြစ်ကူးတံတားကို မူစဲကျွန်းမှတစ်ဆင့် ဖြတ်သန်းပြီး တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရခိုင်ပြည်နယ် အစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်နဲ့ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်တွေမြို့မှ မေယုဒေသ၊ ဘူးသီးတောင်မြို့သို့ ဆက်သွယ်သွားလာနိုင်ရန်အတွက် စစ်တွေ - ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင်လမ်းကို ဖောက်လုပ်ပေးထားပြီး လမ်းပေါ်ရှိ တံတားများကိုလည်း ပြုပြင်တည်ဆောက်ပေးထားပြီးဖြစ်ပါသဖြင့် မော်တော်ယာဉ်များဖြင့် တိုက်ရိုက်သွားရောက်နိုင်ပြီဖြစ်ပါတယ်။ အဆိုပါလမ်းသည် အရှည်(၇၉)မိုင် (၁)ဖာလုံရှိပြီး ပေ(၁၈၀)အထက် တံတား(၉)စင်း ပါဝင်ပါတယ်။ စစ်တွေ-ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်လမ်းကို ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် အဆင့်မြှင့်တင် တိုးမြှင့်ခြင်းလုပ်ငန်း များ ဆောင်ရွက်လျက်ရှိပါသဖြင့် ရန်ပုံငွေသုံးစွဲကုန်ကျမှုများရှိပြီးတော့ လမ်းအဆင့်တိုးမြှင့် ဆောင်ရွက် ပြီးပါက စစ်တွေမှ ဘူးသီးတောင်သို့ (၇၉)မိုင်(၁)ဖာလုံခရီးကို (၃)နာရီခွဲခန့်ဖြင့် ရောက်နိုင်မှာ ဖြစ်ပါတယ်။ ၎င်းအပြင် တစ်ဖက်တွင်လည်း အငူမော်မှတစ်ဆင့် မောင်တောသို့ ကွန်ကရစ်လမ်းခင်း၍ လမ်းအဆင့် တိုးမြှင့်ခြင်းလုပ်ငန်းများလည်း ဆောင်ရွက်လျက်ရှိပြီး ကွန်ကရစ်လမ်းတစ်ဆင့် ပြီးစီးပါက စစ်တွေမှတစ်ဆင့် ဇက်ရေယာဉ်ဖြင့် အငူမော်သို့ကူးပြီး အငူမော်မှတစ်ဆင့် ကွန်ကရစ်လမ်းအတိုင်း မောင်တောသို့ သွားရောက်နိုင်မှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိလမ်းတံတားများအနေဖြင့် လာမည့်နှစ်များ အတွင်း ဆက်လက်ပြုပြင်ဖောက်လုပ်နိုင်မည့် အခြေအနေများအရ စစ်တွေမှ မေယုဒေသ၊ မောင်တောနှင့်

ဘူးသီးတောင်သို့ သွားရာလမ်းကြောင်းများသည် ယခင်ထက် ပိုမိုတိုးတက်ပြီးတော့ လမ်းပန်းဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာမှာဖြစ်ပါတယ်။ စစ်တွေမှ ဘူးသီးတောင်သို့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်အတွက် စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်လမ်းအား အဆင့်တိုးမြှင့်ဆောင်ရွက်တဲ့နေရာမှာ မူစဲကျွန်းမှတစ်ဆင့် ဖောက်လုပ်မယ့်လမ်းအပိုင်း ခုနက ကိုယ်စားလှယ်တော်ကြီး တင်ပြထားတဲ့ Power Point မှာ တင်ပြတဲ့ လမ်းအပိုင်းဖြစ်ပါတယ်။

အဲဒီလမ်းအပိုင်းမှာ တံတား(၃)စင်း လိုအပ်မှာဖြစ်ပြီးတော့ အဲဒီတံတား(၃)စင်းမှာ နံပါတ်(၁)တံတားက ပေ(၄၃၀၀)လောက်ရှည်မယ့် တံတားအမှတ်(၁)လိုပါမယ်။ ဒုတိယအပိုင်းကတော့ မူစဲကျွန်းပေါ်မှာ ပေ(၅၅၀)ရှည်တဲ့ တံတားအမှတ်(၂)လိုမှာဖြစ်ပြီးတော့ တံတားအမှတ်(၃)က ပေ(၁၄၃၀၀)ရှည်တဲ့ တံတားအမှတ်(၃)လိုမှာ ဖြစ်တယ်။ တံတား(၃)စင်းလိုမှာဖြစ်တဲ့အတွက် အဲဒီတံတား(၃)စင်းရဲ့ စုစုပေါင်းအရှည်ဟာ ကျွန်တော်တို့ (၄)မိုင်နီးပါးလောက်အထိ ကျွန်တော်တို့ ထိုးရမှာဖြစ်တဲ့အတွက် ဧရာဝတီမြစ်ကူးတံတားကြီး (၂)စင်းစာလောက် ကျွန်တော်တို့က အဲဒီမှာ အသုံးပြုရမယ့်အနေအထားဖြစ်နေပါတယ်။ ဒါကြောင့် ပြီးရင်လည်း တံတားရဲ့ချဉ်းကပ်လမ်းတွေကိုလည်း ဆောင်ရွက်မယ့် ပမာဏကလည်း အများကြီးဆောင်ရွက်ရမယ့်အပြင် Swamp Vast ဧရိယာကြီးကို ကျွန်တော်တို့က လမ်းဖောက်ရမယ့်အနေအထားဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ စစ်တွေ - ပုဏ္ဏားကျွန်း - ရသေ့တောင် - ဘူးသီးတောင် - မောင်တောလမ်းအပိုင်းကို ဦးစွာပထမ ကျွန်တော်တို့ ရာသီမရွေးသွားလာနိုင်ဖို့ ကတ္တရာလမ်းအဆင့်၊ ကွန်ကရစ်လမ်းအဆင့် ပထမဦးစွာ အဆင့်မြှင့် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် လောလောဆယ်တော့ ကိုယ်စားလှယ်တော်ကြီးတင်ပြထားတဲ့ လမ်းကြောင်းမှာရှိတဲ့ ဒီတံတား(၃)စင်းကို လောလောဆယ်မှာတော့ အစီအစဉ် မရှိသေးပါဘူး။ သို့သော်လည်းပဲ ရေရှည်လမ်းကွန်ရက်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ အစီအစဉ်အတွက် ပဏာမ ကြိုတင်ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှု Prefeasibility Study ကိုတော့ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအုန်းကျော် မှ မေးမြန်းထားတဲ့ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင်အတွင်းရှိ နောင်ချိုမြို့ရှောင်လမ်းစီမံကိန်း သို့မဟုတ် ဂုတ်တွင်း တံတားသစ် ချဉ်းကပ်လမ်းစီမံကိန်းနှင့် စပ်လျဉ်းတဲ့ သိရှိလိုခြင်း မေးခွန်းအား ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပေးပို့လာသော ဖြေကြားချက်နှင့် ပေါင်းစပ်၍ ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။ ရှမ်းပြည်နယ်မြောက်ပိုင်း၊ ကျောက်မဲခရိုင် ကျောက်မဲမြို့နယ်နှင့် နောင်ချိုမြို့နယ်တို့အတွင်းရှိ ဂုတ်တွင်းလမ်းပိုင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (၂)နိုင်ငံနယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသော မန္တလေး - လားရှိုး - မူဆယ်လမ်းမကြီး (AH-14) ပေါ်တွင်တည်ရှိတဲ့ လမ်းပိုင်းဖြစ်ပါတယ်။ ဂုတ်တွင်းလမ်းပိုင်းရှိ မိုင်တိုင်အမှတ်(၈၂/၀)မှ (၈၇/၀)အတွင်း လမ်းအရှည် (၅)မိုင်မှာ နှစ်စဉ် ကုန်စည်စီးဆင်းမှု များပြားလာသည်နှင့်အမျှ ယာဉ်ကြောပိတ်ဆို့မှုများမကြာခဏ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။

အဆိုပါ ဂုတ်တွင်းလမ်းပိုင်းကို ရှောင်ကွင်းမည့် နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်း တံတားသစ် လက်ရှိတည်ဆောက်မည့်နေရာသည် ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးမှ (၆၉၆)မီတာ ကွာဝေးသော နေရာတွင် တည်ဆောက်မည်ဖြစ်ပြီးတော့ တံတားပြီးသည့်အချိန်မှာတော့ ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးကိုလည်း ယှဉ်တွဲပြီးတော့ မြင်ရ၊ တွေ့ရမယ့် အခြေအနေဖြစ်တဲ့အတွက် ကမ္ဘာလှည့် ခရီးသည်များကိုလည်း ဆွဲဆောင်နိုင်မယ့် စီမံကိန်းတစ်ခု ဖြစ်ပါတယ်။ တံတားတည်ဆောက်မည့်ပုံစံ သည်လည်း မြန်မာနိုင်ငံမှာ တစ်ကြိမ်တစ်ခါမှ တည်ဆောက်ခြင်း မရှိသေးတဲ့ Balance Cantilever Method ကို Cable Stayed နှင့် ပေါင်းစပ်တည်ဆောက်မှာ ဖြစ်ပါတယ်။ တံတားတိုင်ရဲ့ အမြင့်က ပျှမ်းမျှ ပေ(၆၀၀)လောက် မြင့်မှာဖြစ်တဲ့အတွက် မြန်မာနိုင်ငံမှာ အမြင့်ဆုံးတံတားကြီး ဖြစ်လာမှာဖြစ် ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း တံတားတည်ဆောက်ရေးစီမံကိန်းကို အမြန်ဆုံးစတင် ဆောင်ရွက် သွားလိုပါကြောင်းနှင့် အဆိုပါစီမံကိန်းအတွက် ၉-၁၁-၂၀၁၅ ရက်နေ့တွင် Oriental Highway Co.,Ltd နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) IEE teamနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သက်ဆိုင်တဲ့ ပညာရှင်တို့က ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး ကနဦး ပတ်ဝန်းကျင်ဆန်းစစ်ခြင်း Initial Environmental Examination (IEE) တို့ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တော ရေးရာဝန်ကြီးဌာနရဲ့ ၂၉ - ၁၂ - ၂၀၁၅ ရက်စွဲပါ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း၊ (EIA) ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ ဆန်းစစ်ဆောင်ရွက်ရန်လိုအပ်သည့် စီမံကိန်းအရွယ်အစား သတ်မှတ်ချက်များ ဖော်ပြချက်တွင် တံတားအဆင့်မြှင့်တင်ခြင်းလုပ်ငန်း၌ မီတာ(၃၀၀)နှင့်အထက်ကို ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း၊ (IEE) ပြုလုပ်ရန်နှင့် အဝေးပြေးလမ်းမအသစ် ဖောက်လုပ်ခြင်းလုပ်ငန်းတွင် (၂)ကီလိုမီတာ နှင့်အထက် (၅၀)ကီလိုမီတာအထိကို (IEE) ပြုလုပ်ရန်လိုအပ်ကြောင်း ဖော်ပြထားပါတယ်။ နောင်ချို မြို့ရှောင်လမ်း လျာထားလမ်းအူကြောင်းမှာ (၂၁)ကီလိုမီတာ ဖြစ်တဲ့အတွက် ကနဦး ပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) သတ်မှတ်ချက်တွင် ပါဝင်ကြောင်းရှိတဲ့အတွက် ကျွန်တော်တို့ (IEE) ဆောင်ရွက် ခဲ့တာဖြစ်ပါတယ်။ (EIA) အထိဆောင်ရွက်ရန်မလိုတဲ့အတွက် (IEE) ကျွန်တော်တို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကို တင်ပြဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။

နောင်ချိုမြို့ရှောင်လမ်းဖောက်လုပ်ခြင်းနှင့် ဂုတ်တွင်းတံတားအသစ်တည်ဆောက်ခြင်း စီမံကိန်း တွင်ပါဝင်မည့် လမ်းနယ်နိမိတ်နှင့် မြေအကျယ်အဝန်းကို မြေလျော်ကြေး ပေးချေနိုင်ရန်အတွက် သက်ဆိုင်ရာကော်မတီအသီးသီးတို့မှ ကွင်းဆင်းစစ်ဆေးတိုင်းတာ၍ ပါဝင်မည့် မြေအမျိုးအစား၊ အပင်၊ စိုက်ပျိုးသီးနှံများ ခွဲခြားပြုစုခြင်း၊ ဈေးနှုန်းများပြုစုခြင်းတို့ ဆောင်ရွက်ခဲ့ပြီးတော့ ရှမ်းပြည်နယ် အစိုးရ အဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက် တင်ပြခဲ့ပါတယ်။ စီမံကိန်းနှင့်ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိစေရေးအတွက် စီမံကိန်းဧရိယာအတွင်းမှာပါဝင်တဲ့ ကျေးရွာအုပ်စုများအား စီမံကိန်း နှင့်ပတ်သက်တဲ့ အချက်အလက်များ ပါဝင်မည့်မြေပမာဏ၊ မြေ အမျိုးအစား၊ ပေးလျော်မည့် ဈေးနှုန်း၊ အစရှိသည်တို့ကို အကြိမ်(၃၀)တိုင်တိုင် ချပြဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ပြီး ဖြစ်ပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီးတော့ ရှမ်းပြည်နယ်အစိုးရအဖွဲ့၊ သတ်မှတ်ထားတဲ့ဝန်ကြီးနှင့် ကျွန်တော်တို့ ဆောက်လုပ်ရေး ဝန်ကြီးဌာနအပါအဝင် အကြိမ်(၃၀)တိတိ အဲဒီမြေနေရာမှာသွားပြီးတော့ သက်ဆိုင်ရာတောင်သူများ

နှင့်ရော၊ ဒေသခံများနှင့်ရော အကြိမ်ကြိမ်ဆွေးနွေးပြီးတော့ လမ်းအူကြောင်းကိုလည်း အလံတိုင်တွေ စိုက်ပြီးတော့မှ သေချာပွင့်လင်းမြင်သာမှုရှိစွာနှင့် အားလုံးကို ရှင်းလင်းတင်ပြခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုအစိုးရအဖွဲ့မှ အတည်ပြုပြီးတဲ့ မြေယာလျော်ကြေး တန်ဖိုးငွေများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ပြည်ထောင်စု ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံပြီး ခွင့်ပြုရရှိလာတဲ့ ရန်ပုံငွေအား ရှမ်းပြည်နယ်အစိုးရ အဖွဲ့မှတစ်ဆင့် ခရိုင်၊ မြို့နယ်၊ မြေယာလျော်ကြေးပေးအပ်ရေး ဦးစီးကော်မတီများသို့ အဆင့်ဆင့် လွှဲပြောင်းခဲ့ပြီး သဘောတူထားပြီး ဖြစ်သည့် တောင်သူများထံသို့ မြေယာလျော်ကြေးပေးချေခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုဆောင်ရွက်မယ့်လမ်းနှင့် တံတားတည်ဆောက်ခြင်းလုပ်ငန်း စီမံကိန်း ကတော့ နိုင်ငံတော်ပိုင်ရန်ပုံငွေဖြင့် ဆောင်ရွက်မည်မဟုတ်ဘဲ Oriental Highway Co.,Ltd ကိုယ်ပိုင်ငွေကြေးဖြင့် စိုက်ထုတ်တည်ဆောက်သွားမည် ဖြစ်ပြီးတော့ ခန့်မှန်းခြေ မြန်မာငွေ ဘီလီယံ (၄၀) နှင့် အမေရိကန်ဒေါ်လာ (၁၂၀.၇၇)သန်း ငွေနှစ်ရပ်ပေါင်းပြီးတော့ သုံးစွဲကုန်ကျမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ လမ်းလျော်ကြေး၊ မြေလျော်ကြေးကသာလျှင် နိုင်ငံတော်က လျော်ပြီးတော့ ဘာကြောင့်လဲ ဆိုတော့ ဒီလမ်းကြီးဟာ နောင်တစ်ချိန်မှာ နိုင်ငံတော်က ပြန်ပိုင်သွားမှာ။ ဒီတံတားကြီးကလည်း နိုင်ငံတော်ပိုင်ဖြစ်တဲ့အတွက် ကျွန်တော်တို့က မြေလျော်ကြေးက နိုင်ငံတော်က လျော်ရပါမယ်။

သို့သော်လည်းပဲ Project ကုန်ကျစရိတ်ဖြင့် ဒေါ်လာသန်း(၁၂၀)နှင့် မြန်မာငွေ (၄၀)ဘီလီယံ ကတော့ သက်ဆိုင်ရာ ကုမ္ပဏီက သူ့ရဲ့ APP စနစ်အရ သူ့ရဲ့ ငွေကြေးနဲ့ပဲ စိုက်ထုတ်ဆောင်ရွက် သွားမယ့် စီမံကိန်း ဖြစ်ပါတယ်။ နောင်ချိုမြို့ရှောင်လမ်းနှင့် ဂုတ်တွင်းတံတားအသစ် တည်ဆောက်ခြင်း စီမံကိန်းဧရိယာတွင် ကျောက်မဲမြို့နယ်အတွင်း စိုက်ပျိုးမြေဧရိယာပေါင်း (၁၆၉.၉၉)ဧကနှင့် နောင်ချို မြို့နယ်အတွင်း စိုက်ပျိုးမြေနှင့် သစ်တောမြေ (၃၂၉.၇၄)ဧကတို့ပါဝင်ပြီး မြေဧရိယာစုစုပေါင်း (၄၉၉.၇၃) ဧကဖြစ်ပါတယ်။ အဆိုပါ မြေဧရိယာ (၄၉၉.၇၃)ဧကအနက် (၃၆.၃၅)ဧကသည် အစိုးရအဖွဲ့အစည်းပိုင် ဖြစ်သည့်အတွက် လျော်ကြေးပေးရန် မလိုအပ်ပါသဖြင့် ကျန်ရှိသော လျော်ကြေးပေးရန်လိုအပ်သည့် တောင်သူ (၂၈၃)ဦး၏ မြေ(၄၆၃.၃၈)ဧကအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း မူလနှင့် ဖြည့်စွက်ရန်ပုံငွေစုစုပေါင်း ကျပ်(၆.၁၇၃)ဘီလီယံရရှိခဲ့ပြီးတော့ တံတားဦးစီးဌာနမှာ ပေးလျော်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။

လျော်ကြေးငွေပေးချေရာမှာ သဘောတူခဲ့သည့် တောင်သူ (၂၂၁)ဦး၏ မြေ(၃၄၄.၂)ဧက အနက်မှ တောင်သူ (၂၁၄)ဦးရဲ့ မြေ(၃၃၃.၈၁)ဧကအတွက် ကျပ်(၄.၄၁၇)ဘီလီယံပေးလျော်ထားပြီး ဖြစ်ပါသဖြင့် လက်ရှိအချိန်မှာတော့ ပေးလျော်ရမယ့်ပမာဏ စုစုပေါင်းရဲ့ (၇၃)ရာခိုင်နှုန်းကို ပေးလျော် ထားပြီး ဖြစ်ပါတယ်။ သဘောတူလက်ခံထားခြင်းမရှိသေးသည့် ကျန်တောင်သူ (၆၂)ယောက်ကျန်ပါတယ်။ ဒီ (၆၂)ယောက်ရဲ့ မြေ(၁၁၉.၈၁)ရှိဧကကို သတ်မှတ်လျော်ကြေးပေးချေနိုင်ဖို့အတွက် ဒေသခံလွှတ်တော် ကိုယ်စားလှယ်များမှ တိုက်တွန်းညှိနှိုင်းဆောင်ရွက်ပေးနိုင်ပါရန် ဒီနေရာကနေပြီးတော့ မေတ္တာရပ်ခံ အပ်ပါတယ်။ လျော်ကြေးငွေတောင်းခံခြင်း မရှိသေးတဲ့ တောင်သူ(၆၂)ဦးမှာ လျော်ကြေးလက်ခံပြီးစီး သွားပြီဆိုရင်တော့ စီမံကိန်းလုပ်ငန်းကို ချက်ချင်း ကျွန်တော်တို့ စတင်နိုင်မှာဖြစ်ပြီးတော့ (၃)နှစ်ခွဲ အတွင်းမှာ ဒီစီမံကိန်း တံတားကြီးပြီးသွားပြီးတော့မှ ဒီဂုတ်တွင်းတံတားက သွားရမယ့်ဒုက္ခတွေ အေးငြိမ်း သွားမှာ ဖြစ်ပါတယ်။

လျော်ကြေးပေးချေရန် ညှိနှိုင်းဆောင်ရွက်လို့မရဘူး၊ လျော်ကြေးတွေမယူတော့ဘူးဆိုရင်လည်းပဲ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကနေပြီးတော့ ၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေနှင့် ဆက်လက်ဆောင်ရွက်သွားခွင့်ပြုရေးအတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ခွင့်ပြုမိန့်ရရှိထားတဲ့အတွက် လျော်ကြေးမယူဘူးဆိုရင် ဒီ Project ကတော့ နိုင်ငံတော်အတွက် စီမံကိန်းဖြစ်တဲ့အတွက် ဆက်လက်ပြီး ၁၈၉၄ ခုနှစ် အနေနဲ့ ဆက်လက်ဆောင်ရွက်သွားရမယ့် စီမံကိန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုစီမံကိန်းသည် နိုင်ငံတော်ဘဏ္ဍာငွေဖြင့် တည်ဆောက်ခြင်းမဟုတ်ဘဲ B.O.T ကုမ္ပဏီမှ တည်ဆောက်မည့် စီမံကိန်းလုပ်ငန်း ဖြစ်သည့်အတွက် နိုင်ငံတော်အနေဖြင့် ငွေကြေးသုံးစွဲရန် မလိုအပ်ပါကြောင်းနှင့် တံတားကြီး ပြီးစီးသွားပါက ကမ္ဘာကျော် ဂုတ်ထိပ်တံတားကြီးနှင့်အပြိုင် မြင်တွေ့ရမှာဖြစ်ပြီးတော့ ကမ္ဘာလှည့်ခရီးသွားများကိုလည်း ဆွဲဆောင်နိုင်မယ့်လမ်းကြောင်းဖြစ်ခြင်း၊ ယခု တံတားကြီးကို အသုံးပြုခြင်းဖြင့် ဂုတ်တွင်းလမ်း အတက်၊ အဆင်း ယာဉ်မောင်းရန်ကြာမြင့်ချိန်မှာ ကားငယ်လေးတွေအတွက် ဒီတံတားကြီးပြီးသွားရင် (၄၅)မိနစ်လောက် Safe ဖြစ်သွားပါမယ်။ ကားကြီးတွေအတွက်ကတော့ (၁)နာရီခွဲလောက် တိုတောင်းသွားမှာ ဖြစ်ပြီးတော့ ယာဉ်အန္တရာယ်ကိုပါ ကင်းရှင်းသွားမှာ ဖြစ်ပါတယ်။ ဂုတ်တွင်း အတက်၊ အဆင်းနေရာမှာ ကားတစ်စီး ပျက်နေလျှင် ကျန်ကားတွေ ပိတ်မိနေခြင်းဒုက္ခ အစရှိတဲ့ ဒုက္ခတွေကလည်း ကင်းဝေးသွားစေခြင်း စတဲ့ အားသာချက်များစွာရှိတဲ့ စီမံကိန်းတစ်ရပ်ဖြစ်တဲ့အတွက် အဆိုပါ စီမံကိန်းစတင် ဆောင်ရွက်နိုင်ဖို့ အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ အမြန်ဆုံးကြိုးပမ်း ဆောင်ရွက်လျက်ရှိပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ တံတားတည်ဆောက်ရေး စီမံကိန်းဧရိယာထဲမှာ ပါဝင်တဲ့တောင်သူ(၂၂၁)ဦးအား မြေယာလျော်ကြေး ကျပ်(၄.၄၁၇)ဘီလီယံ ပေးလျော်ထားပြီး ဖြစ်ပါကြောင်းနှင့် ကျန်ရှိနေတဲ့တောင်သူ (၆၂)ဦးကို မြေယာလျော်ကြေးငွေ လက်ခံနိုင်ရေးအတွက် ဖျောင်းဖျ ပေးနိုင်ပါရန် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များကို အကူအညီတောင်းခံအပ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကချင်ပြည်နယ်အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးနောင်နဂျာတန်မှ ကချင်ပြည်နယ် အစိုးရအဖွဲ့သို့ မေးမြန်းထားတဲ့ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အောင်စိုးမိုးကျေးရွာနှင့် နောင်လုံကောင်ရာ ကျေးရွာကြားရှိ နမ့်ခန်းယန်(ခေါ်) (၈) မိုင် လယ်ကွင်းသို့ သွားသောလမ်းအား တောင်သူများ နွေ၊ မိုး၊ ဆောင်း သွားလာနိုင်ရန်အတွက် ကုန်ထုတ်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ကချင်ပြည်နယ် အစိုးရအဖွဲ့မှ ပေးပို့လာတဲ့ ဖြေကြားချက်နှင့်ပေါင်းစပ် ဖြေကြားသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်၊ အောင်စိုးမိုး ကျေးရွာနှင့် နောင်လုံကောင်ရာ ကျေးရွာကြားရှိ နမ့်ခန်းယန် (ခေါ်) (၈) မိုင် လယ်ကွင်းသို့ သွားသော ကုန်ထုတ်လမ်းအရှည် (၃)မိုင်သည် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီး ဌာနမှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါတယ်။ အဆိုပါလမ်းအရှည် စုစုပေါင်း(၃)မိုင်အနက် (၁)မိုင်(၁.၈)

ဖာလုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ကောင်ရာ-မြင်းမဒုံလမ်းအမည်ဖြင့် ခွင့်ပြုငွေကျပ် (၁၆.၀၄၈)သန်းအား အသုံးပြု၍ မြေသားလမ်းစတင်ဖောက်လုပ်ခဲ့ပါတယ်။

အထက်ဖော်ပြပါ နမ့်ခန်းယန်(ခေါ်)(၈)မိုင် လယ်ကွင်းသို့သွားသောလမ်းသည် လမ်းအဆင့်သတ်မှတ်ချက်အရ Class(C) အဆင့်တွင် ပါဝင်ပါသဖြင့် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ စတင်ပြီးတော့ ပြည်ထောင်စုရန်ပုံငွေမှာ လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မှာ မူတည်ပြီးတော့ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၄)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ တစ်ဦးလျှင် (၆)မိနစ်ထက် မပိုဘဲဆွေးနွေးခွင့်ပြုမှာ ဖြစ်ပါတယ်။

ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၉။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ မြန်မာနိုင်ငံရဲ့ တည်ဆဲမြေနယ်သတ်အက်ဥပဒေ The boundaries Act 1880 ဟာ နှစ်ပေါင်း(၁၃၈)နှစ် ကြာမြင့်နေပြီဖြစ်လို့ ယခုအခါမှာ ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေအသစ်တစ်ရပ်ပြဋ္ဌာန်းနိုင်ရေးအတွက် နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေမူကြမ်း ထုတ်ပြန်လာခြင်းကို ဆွေးနွေးဖို့ Power Point သုံးစွဲခွင့်ပြုပါရန် ခွင့်တောင်းခံအပ်ပါတယ်။

တည်ဆဲမြေနယ်သတ်အက်ဥပဒေမှာ အခန်းပေါင်း(၃)ခန်း၊ ပုဒ်မပေါင်း(၃၂)ခုနှင့် ပြဋ္ဌာန်းထားပြီး ယခုဥပဒေကြမ်းမှာတော့ အခန်း(၈)ခန်းနှင့် ပုဒ်မပေါင်း(၂၉)ခု ပါဝင်နေပါတယ်။ အဲဒီ ထဲကမှ ပြင်ဆင်အစားထိုးပယ်ဖျက်လိုတဲ့ ပုဒ်မများကို ဆက်လက်တင်ပြပါမယ်။ အခန်း(၁)၊ ပုဒ်မ ၁ ကို နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေး ဥပဒေအစား မြေနယ်နိမိတ်ပိုင်းခြား တိုင်းတာသတ်မှတ်ရေး ဥပဒေနဲ့ အစားထိုးပြင်ဆင်လိုပါတယ်။ တည်ဆဲ The Boundary act ကို မြန်မာဘာသာနဲ့ ရေးသားရာမှာ မြေနယ်သတ်အက်ဥပဒေလို့ဆိုထားပြီး Land ဆိုတဲ့ စကားလုံးမပါပေမယ့် မြေဆိုတဲ့ စကားလုံးသုံးစွဲထားပါတယ်။ အဲဒီလိုမထည့်ထားရင် ရေ၊ လေထု၊ နယ်နိမိတ်များနှင့်ရောထွေးနိုင်လို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ဥပဒေကြမ်းရဲ့ ခေါင်းစဉ်ကိုလည်း မြေနယ်နိမိတ်ပိုင်းခြား တိုင်းတာသတ်မှတ်ရေး ဥပဒေလို့ လိုက်ပြီး ပြင်ရပါလိမ့်မယ်။

ပုဒ်မ ၃ (င)ကို မြေနယ်နိမိတ်ပိုင်းခြား တိုင်းတာသတ်မှတ်ရေးအရာရှိ ဆိုသည်မှာ ဤဥပဒေပါ နယ်နိမိတ်သတ်မှတ်ရေး အရာရှိ၏ လုပ်ငန်းတာဝန်များဟု ဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရသူကို ဆိုသည်လို့ အစားထိုးပါ့မယ်။ တည်ဆဲအက်ဥပဒေမှာ Boundary Officer လို့ ဖော်ပြထားပြီး လက်ရှိကျေးရွာအမည်ခံထုတ်ပေးတဲ့ လုပ်ငန်းစဉ်တွေအတွက် ခန့်အပ်ရာမှာ မြန်မာနိုင်ငံပြန်တမ်းမှာတော့ နယ်နိမိတ်သတ်မှတ်ရေးအရာရှိလို့ပဲ သတ်မှတ်ခေါ်ဆိုထားပါတယ်။ ပုဒ်မ ၃(စ)ကိုတော့ ကြော်ငြာစာနေရာမှာ အကြောင်းကြားစာနဲ့ ပြင်ဆင်ဖြည့်စွက်ချင်ပါတယ်။ ကြော်ငြာစာလို့သုံးမယ်ဆိုရင် အမိန့်ကြော်ငြာစာနဲ့ရောထွေးနိုင်သလို ကြော်ငြာဆိုတဲ့ စကားရပ်နဲ့လည်း မှားယွင်းနိုင်ပါတယ်။ ဒီပုဒ်မခွဲရဲ့ ဆိုလိုချက်က အများပြည်သူ သက်ဆိုင်သူတို့ကို လိုက်နာဖို့၊ သိရှိစေဖို့ နည်းလမ်းတကျဆောင်ရွက်ထားတဲ့ ဥပဒေစည်းနှောင်အားရှိတဲ့ သတင်းပေးချက် ဒါမှမဟုတ် အကြောင်းကြားချက်၊ Notice စာဖြစ်ပြီး ကျား၊ မ ကျင့်သုံးဥပဒေမှာလည်း Notice စာကို အကြောင်းကြားစာလို့ပဲ သုံးထားပါတယ်။

ဥပဒေတစ်ရပ်မှာ အခေါ်တစ်မျိုးနဲ့ ကွဲပြားမှုမရှိစေဖို့ အကြောင်းကြားစာလို့ပဲ တစ်ပြေးညီသုံးသင့်ပါတယ်။ ပုဒ်မ ၄ မှာတော့ ဥပဒေကြမ်းကော်မတီရဲ့ အဆိုပြုချက်ပါ ပုဒ်မခွဲ(က), (ခ), (ဂ)အပြင် Power Point ထဲကအတိုင်း ပုဒ်မခွဲ (ဃ)နှင့်(င)တို့ကို ထပ်ဖြည့်ထားပြီး အကြောင်းပြချက်ကိုပါ ရှင်းလင်းပြသထားပါတယ်။ ပုဒ်မ ၆ ရဲ့ ပုဒ်မခွဲ (ဂ)မှာလည်း အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်ကို မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများအတွင်းရှိမြေများ၏နယ်နိမိတ်များဆိုပြီး ထပ်မံဖြည့်စွက်ချင်ပါတယ်။ မြေနယ်သတ်ဥပဒေရဲ့ လုပ်ငန်းသဘာဝက အုပ်ချုပ်ရေးနယ်မြေများကို တိုင်းတာသတ်မှတ်ရေးမဟုတ်ဘဲ လူနေအိမ်၊ ရွာမြေများ၊ စိုက်ပျိုးမြေများရဲ့ ဆိုင်ရေး၊ ဆိုင်ခွင့်ရှိတဲ့ နယ်နိမိတ်ကို သတ်မှတ်တိုင်းတာထိန်းသိမ်းပေးခြင်းသာဖြစ်လို့ မြေတိုင်းဦးစီးဌာနရဲ့လုပ်ပိုင်ခွင့်ကို စွက်ဖက်ရာမရောက်အောင်နဲ့ ဥပဒေရဲ့ ရည်ရွယ်ချက်နဲ့ကိုက်အောင်လို့ ပြင်ဆင်ရခြင်း ဖြစ်ပါတယ်။

ပုဒ်မ ၈ ရဲ့ ပုဒ်မခွဲ (ခ)ကို Power Point မှာပါတဲ့အတိုင်း ဖြည့်စွက်ထားပြီး ပိုမိုပြည့်စုံအောင်နဲ့ လက်တွေ့မှာလည်း လိုအပ်တဲ့အတွက်ဖြစ်ပါတယ်။ ပုဒ်မ ၁၁ ရဲ့ ပြင်ဆင်ချက်ကိုလည်း ဖော်ပြထားပြီး အကြောင်းအကျိုးကိုပါ ရှင်းပြထားတဲ့အပြင် နောက်ထပ်ပုဒ်မခွဲ နှစ်ခုဖြစ်တဲ့ ၁၁(က)၁နှင့် ၁၁(က)၂ တို့ကို ကုန်ကျစရိတ်တောင်းခံနိုင်ဖို့အတွက် အသစ်ထပ်မံဖြည့်စွက်ချက်ကို Power Point မှာ တင်ပြထားပါတယ်။ ပုဒ်မ ၁၂ အနေနဲ့ ဥပဒေကြမ်းမှ ဖော်ပြချက်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်မြေရှင်များလို့ ဖြည့်စွက် ပြင်ဆင်ချင်ပါတယ်။ ကိုးကြောင်းပြချက်အနေနဲ့ ၁၈၈၀ မြေနယ်သတ်နည်းဥပဒေ ၂ နဲ့ မြေစာရင်းလက်စွဲဥပဒေ ၉၉၆၊ ၉၉၇ ကို ညွှန်းဆိုရှင်းပြထားပါတယ်။ အဆိုပြု ပြဋ္ဌာန်းချက်ပါ ပုဒ်မ ၂၃ ရှိ ပုဒ်မခွဲ (က)နှင့် (ခ)ကို ပေါင်းစပ်ပြီး ပုဒ်မတစ်ခုတည်းအနေနဲ့ ပြင်ဆင်ထားပါတယ်။ ပိုပြီးကျစ်လျစ်မှုရှိစေဖို့အတွက် ဖြစ်ပါတယ်။ ပုဒ်မ ၂၄ ကိုတော့ မလိုအပ်လို့ ပယ်ဖျက်သင့်ပါတယ်။ အကြောင်းကတော့ အစိုးရမြေများ၊ ပုဂ္ဂလိကပိုင်မြေများ၊ စားကျက်၊ သစ်တော၊ အင်းအိုင် မြေများနှင့် နယ်နိမိတ်ကို ယခုဥပဒေအရ နယ်နိမိတ်ပိုင်းခြားကြပ်မတ်ရေးအရာရှိနှင့်နယ်နိမိတ်သတ်မှတ်ရေးအရာရှိတို့က ဆောင်ရွက်ခွင့်ရှိနေပြီ ဖြစ်ပါတယ်။

အဲဒီလိုဆောင်ရွက်ရာမှာ အဆိုပါသက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်အားလုံးပါဝင် အတည်ပြုခွင့်၊ မကျေနပ်ရင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရထံ တင်ပြခွင့်ပေးထားပြီး ဖြစ်နေလို့ပါပဲ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းပါ အဆိုပြု ပြဋ္ဌာန်းချက်နှင့် ဥပဒေကြမ်းကော်မတီတို့ရဲ့ ပြင်ဆင်ချက်ဇယားတို့အပေါ် ပြင်လို၊ ဖြည့်စွက်လို၊ ပယ်ဖျက်လိုတာမျိုးနဲ့ ပတ်သက်တဲ့ ဆွေးနွေးချက်များပဲ ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၃။**

**ဦးဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)ရဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးဝင်းမြင့် အနေနဲ့ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်း ကန့်လန့်ဖြတ်ဇယားရဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်စာတိုင်မှာပါရှိတဲ့ အခန်းနှင့် ရည်ရွယ်ချက်များ ပုဒ်မ ၄၊ ပုဒ်မခွဲ(က) စာကြောင်းရေ (၅)မှာပါတဲ့ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းဆိုတဲ့ စာသားနောက်မှာကပ်ပြီး ပြင်ဆင်မှုကို လိုက်နာစေခြင်းဆိုတဲ့ စကားရပ်တစ်ခုရယ်၊ ပိုင်ဆိုင်မှု သို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့် စပ်လျဥ်းသည့် အငြင်းပွားမှုကို လက်ခံခြင်း၊ ဖြေရှင်းပေးခြင်း ဆိုတဲ့ စကားရပ်ကို ဖြည့်စွက်လိုပါတယ်။

ဒီစကားရပ်နှစ်ရပ်ကို ဖြည့်စွက်လိုက်ရင် ပုဒ်မ ၄၊ ပုဒ်မခွဲ (က) ဟာ နိုင်ငံတော်အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ ပြင်ဆင်မှုကို လိုက်နာစေခြင်း၊ ပိုင်ဆိုင်မှုသို့မဟုတ် လက်ရှိဖြစ်ခြင်းနှင့် စပ်လျဥ်းသည့် အငြင်းပွားမှုကို လက်ခံခြင်း၊ ဖြေရှင်းပေးခြင်း ဆောင်ရွက်နိုင်စေရန်လို့ စာစီရမှာ ဖြစ်ပါတယ်။

ဒီလိုပြင်ဆင်လိုတဲ့ အကြောင်းကတော့ ရည်ရွယ်ချက်အခန်း(၂)ကို အကောင်အထည်ဖော်တဲ့ အခန်း (၃)၊ အခန်း (၄)၊ အခန်း (၅)၊ အခန်း (၆)၊ အခန်း (၇) လုပ်ငန်းတွေနဲ့ ရှေ့ကရည်ရွယ်ချက် ရှေ့နောက်ဆက်စပ်မှုရှိဖို့ လိုအပ်မယ်လို့ ယူဆမိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်လိုခြင်းပဲ ဖြစ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၅။**

**ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါ ခင်ဗျား။ ကျွန်တော်က မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်အောင်ထွန်း ပါ။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးနိုင်ဖို့အတွက် ၂-၇-၂၀၁၈ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်က ပေးပို့လာတဲ့ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေး ဥပဒေကြမ်းနှင့်စပ်လျဥ်းလို့ အဆိုပြု ပြဌာန်းချက်များအတိုင်းသော်လည်းကောင်း၊ ပြင်ဆင်ချက်များနှင့် သော်လည်းကောင်း ဆွေးနွေးအတည်ပြုရန် သင့်/မသင့် ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ရဲ့ ဒီဥပဒေကြမ်းရေးဆွဲပြုစုရတဲ့ ရည်ရွယ်ချက် (၃)ချက်ထဲမှာ အဓိကအကျဆုံးက နိုင်ငံတော် အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ထားသည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာ များအတွင်းရှိ ကွင်း၊ အကွက်များ၏ မြေနယ်နိမိတ်များ တိုင်းတာခြင်း၊ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ဆောင်ရွက်နိုင်စေရန်ဖြစ်တာကို တွေ့ရပါတယ်။ ကျန်ရည်ရွယ်ချက် နှစ်ချက်က မြေတိုင်းမှတ်တိုင်၊ နယ်နိမိတ်မှတ်တိုင်တွေကို ထိန်းသိမ်းစောင့်ရှောက်ဖို့နဲ့ ပျက်စီးရင်ပြင်ဆင်ဆောင်ရွက်နိုင်ဖို့ ရည်ရွယ် ထားတာပါ။ ရပ်ကွက်၊ ကျေးရွာအုပ်စုချင်းထိစပ်တဲ့ နယ်နိမိတ်၊ မြို့နယ်ချင်းထိစပ်တဲ့ နယ်နိမိတ်၊ ခရိုင်ချင်းထိစပ်တဲ့ နယ်နိမိတ်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်ချင်း ထိစပ်တဲ့ နယ်နိမိတ်များနဲ့ ဒီ ဥပဒေ မသက်ဆိုင်တာကို တွေ့ရမှာဖြစ်ပါတယ်။

ဒီဥပဒေနဲ့ ရုပ်သိမ်းမယ်ဆိုတဲ့ အင်္ဂလိပ်ဘာသာနဲ့ ၂၀ - ၂ - ၁၈၈၀ ရက်နေ့က ပြဌာန်းခဲ့တဲ့ အိန္ဒိယအက်ဥပဒေအမှတ်(၅) မြေနယ်သတ်အက်ဥပဒေမှာ အခန်း (၃)ခန်း၊ ပုဒ်မ ပေါင်း (၃၂)ခုပါရှိပြီး အသစ်ရေးဆွဲတဲ့ ဒီဥပဒေကြမ်းမှာ အခန်း(၈)ခန်းနှင့် အပိုဒ်(၂၉)ပိုဒ် ပါရှိတာတွေ့ရပေမယ့် ဥပဒေကြမ်း တစ်ရပ်လုံးနီးပါးဟာ လေးနက်မှုမရှိတာကို တွေ့ရပါတယ်။ ဥပဒေတစ်ရပ်လုံးကို အကောင်အထည်ဖော် မယ့်သူများက နယ်နိမိတ်တိုင်းတာပိုင်းခြား ကြပ်မတ်ရေးအရာရှိနဲ့ သတ်မှတ်ရေးအရာရှိ (၂)ဦးဖြစ်ပြီး၊ ကြပ်မတ်ရေးအရာရှိကို လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူ၊ သတ်မှတ်ရေးအရာရှိကို မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်နေသူဖြစ်ရမယ်လို့ ပါရှိပါတယ်။ ဒီအရာရှိများအဖြစ် ဆောင်ရွက်မယ့်သူများဟာ လက်ရှိလယ်ယာမြေဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ရာမှာလည်း မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ရဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ အဖြစ် ပါဝင်ပြီး လယ်ယာမြေအငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းနေသလို နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးအရာရှိဖြစ်တဲ့ မြို့နယ်အုပ်ချုပ်ရေးမှူးက မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌအဖြစ်နဲ့

ရပ်ကွက်၊ ကျေးရွာများအတွင်းမှာရှိတဲ့ ကွင်း၊ အကွက်များနှင့်ပတ်သက်ပြီး ကိုင်တွယ်ဖြေရှင်းနေတာ ဖြစ်လို့ လုပ်ငန်းဆောင်ရွက်မှုများ ရှုပ်ထွေးစေနိုင်တာအပြင် ဥပဒေအချင်းချင်း ပဋိပက္ခဖြစ်ပေါ်နိုင်တဲ့ အခြေအနေ ဖြစ်နေပါတယ်။ ဒါ့အပြင် တရားရုံး၌သာ ဖြေရှင်းဆောင်ရွက်ရမယ့် ပိုင်ဆိုင်မှုအငြင်းပွားတဲ့ ကိစ္စရပ်များကို သတ်မှတ်ရေးအရာရှိက အဆုံးအဖြတ်ပြုပေးရမယ့် ပြဋ္ဌာန်းချက်များလည်း ပါဝင်နေတာကို တွေ့ရပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဥပဒေကြမ်းရဲ့ အခန်း(၅)ကို ခြုံပြီးဆွေးနွေးရရင် မြေတိုင်းမှတ်တိုင်၊ နယ်နိမိတ်မှတ်တိုင်များကို မြေရှင်၊ မြေလက်ရှိ လုပ်ကိုင်နေသူတို့ကို စိုက်ထူစေတာ၊ ထိန်းသိမ်းစောင့်ရှောက်ဖို့ တာဝန်ပေးအပ်တာ၊ မပျက်စီးအောင် တားဆီးကိုင်တွယ်ဖို့ တာဝန်ရှိစေတာ၊ စိုက်ထူထားတဲ့ မြေတိုင်းမှတ်တိုင်၊ နယ်နိမိတ်မှတ်တိုင်တစ်ခုခု ထိခိုက်ပျက်စီးရင် အသစ်ပြန်စိုက်စေပြီး ကုန်ကျစရိတ် သတ်မှတ်ကျခံစေတာတွေဟာ မပြဋ္ဌာန်းသင့်တဲ့အချက်များသာ ဖြစ်ပါတယ်။ သက်ဆိုင်တဲ့ဝန်ကြီးဌာနဟာ လွယ်လင့်တကူ ဥပဒေကြမ်း ရေးဆွဲတင်သွင်းလာတာလို့ပဲ မှတ်ချက်ပြုလိုပါတယ်။ ဒါကြောင့် နယ်နိမိတ်တိုင်းတာ ပိုင်းခြား သတ်မှတ်ရေး ဥပဒေကြမ်းဟာ ကောင်းမွန်ပြည့်စုံတဲ့ ပြဋ္ဌာန်းချက်များ မဟုတ်တဲ့အတွက် ဥပဒေကြမ်း တင်သွင်းလာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနက ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းပြီး ပိုမိုကောင်းမွန် ပြည့်စုံတဲ့ ဥပဒေကြမ်း တစ်ရပ် အသစ်ရေးဆွဲပြဋ္ဌာန်းကာ လွှတ်တော်သို့ ပြန်လည်တင်သွင်းသင့်တဲ့ ဥပဒေကြမ်းတစ်ရပ် ဖြစ်ကြောင်း ဆွေးနွေးရပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း (ခ)ဦးမောင်စိုး ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၉။**

**ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစား အပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ကိုယ်ရောစိတ်ပါ ဘေးရန်ကွာပြီးတော့ ကျန်းမာကြပါစေ။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်စိုး ဖြစ်ပါတယ်။ ကျွန်တော် ယခု ဆွေးနွေးမှာက နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ ပြင်ဆင်ချက်(၉)ချက်နှင့် ပယ်ဖျက်ချက် (၁)ခုကို ဆွေးနွေးမှာ ဖြစ်ပါတယ်။

ကျွန်တော့်ကို Power Point သုံးစွဲခွင့်ပြုဖို့ ခွင့်တောင်းခံအပ်ပါတယ်။ ဒါက ပုဒ်မ ၃ (က)ကို အနီနဲ့ ဖော်ပြထားတာဟာ ကျွန်တော်ဖြည့်စွက်ခြင်း ဖြစ်ပါတယ်။ အချိန်မလုံလောက်တဲ့အတွက် ဒါ ကျွန်တော် Power Point ကိုပဲ ထိုးပြလိုက်ပါမယ်။ ဖော်ပြရန် သို့မဟုတ် ညွှန်ပြရန်အတွက် ချမှတ် ထားသည့် မြေအမှတ်အသားတစ်ခုကို ဆိုသည်လို့။ ဒါကတော့ အဆိုပြုပြဋ္ဌာန်းချက်မှာပါတဲ့ စာချုပ်စာတမ်း ဆိုတဲ့စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုထားတာကို ကျွန်တော်က မှတ်တမ်းအထောက်အထား

ဆိုပြီးတော့ ပြင်ဆင်အဓိပ္ပာယ်ဖွင့်ဆိုချင်ပါတယ်။ ဒီအဓိပ္ပာယ်ဖွင့်ဆိုခြင်းကလည်း ကျွန်တော်တို့က Penal Code မှာ Section 29 မှာပါတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်အတိုင်းပဲ ကျွန်တော် ပြင္ဒာန်းရေးဆွဲ ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါ ပုဒ်မ ၄(က)ကို ကျွန်တော် ပြင်ဆင်ထားတာဖြစ်ပါတယ်။ နိုင်ငံတော် အတွင်းရှိ တည်ဆဲဥပဒေများနှင့်အညီ ဆိုတဲ့စကားရပ်ကို နိုင်ငံတော်အတွင်းရှိ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ သတ်မှတ်ထားတဲ့ ဆိုတဲ့ စကားရပ်ကို ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကလည်း ပုဒ်မ ၅၊ ပုဒ်မ ၄(က)ကို ပြင်ဆင်ထားတဲ့အတိုင်းပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဥပဒေများပါ သတ်မှတ်ချက်များအတိုင်းဆိုပြီးတော့ ပြင်ဆင်ထားတာ ဖြစ်ပါတယ်။

ဒါကတော့ ကျွန်တော်တို့ ပုဒ်မ ၇(က)ကို ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဥပဒေကြမ်း ပူးပေါင်း ကော်မတီက ကျွန်တော်(၂)ခု ပြင်ဆင်ထားပါတယ်။ တစ်ခုက အကြောင်းကိစ္စများဆိုတဲ့ စကားရပ်ကို အကြောင်းတစ်ရပ်ရပ်ဆိုပြီးတော့ ပြင်ဆင်ထားပြီးတဲ့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်မှာပါတဲ့၊ အစိမ်းရောင်နဲ့ပြထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးနောက် မြေပြင်ကွင်းဆင်းလုပ်ငန်းဆောင်ရွက်ရန် ဆိုတဲ့ ဖြည့်စွက်ချက်ကို ကျွန်တော် ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။

ဘာလို့လဲဆိုတော့ ဒီပြဋ္ဌာန်းချက်က ပုဒ်မ ၇၊ ပုဒ်မခွဲငယ်မှာ (၁)၊ (၂)၊ (၃)၊ (၄) ပုဒ်မခွဲငယ် (၄)ခု ပါဝင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ရမှာက ပုဒ်မခွဲငယ်(၁) သာလျှင် ဆောင်ရွက်ရမှာဖြစ်ပြီးတော့ ပုဒ်မခွဲငယ်(၂)၊ (၃)၊ (၄)ကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၅၄ က တိုက်ရိုက်ခွင့်ပြုထားပြီးဖြစ်တဲ့အတွက် ပုဒ်မခွဲ ၁ မှာပါတဲ့ တိုင်းဒေသကြီးနှင့် ပြည်နယ် နယ်နိမိတ်တွေကို၊ နိုင်ငံတော်နယ်နိမိတ်တွေကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ နည်းလမ်းအတိုင်းသာ ဆောင်ရွက်ရမှာ ဖြစ်တဲ့အတွက် ဒါ ကျွန်တော် ပယ်ဖျက်ထားခြင်းဖြစ်ပါတယ်။ ဒါက ခုနပြောတဲ့ ပုဒ်မ ၇(က)၊ ပုဒ်မခွဲငယ် (၁)ပါ ပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ ဒါကတော့ နိုင်ငံတော်နယ်နိမိတ်နဲ့ တိုင်းဒေသကြီးနယ်နိမိတ်တွေကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၅၂ နဲ့ ၅၃ မှာ နယ်နိမိတ်ပြောင်းလဲသတ်မှတ်လိုလျှင် ပြောင်းလဲလိုသည့် သတ်မှတ် နည်းလမ်းအတိုင်း အဆင့်(၆)ဆင့်နဲ့အညီ ကျွန်တော်တို့ ဆောင်ရွက်ရမှာ ဖြစ်တယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ပထမ ကျွန်တော် ပယ်ဖျက်ထားတဲ့စကားရပ်ကို ဒီမှာ ပုဒ်မခွဲငယ်(၁)မှာ ပြန်ထည့်ထားခြင်းဖြစ်ပါတယ်။ ဒါက ကျွန်တော် ပုဒ်မ ၇(ခ) ပြဋ္ဌာန်းချက်ဟာ ဒါ နည်းဥပဒေမှာ ပြဋ္ဌာန်း သင့်တဲ့ဟာ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော် ပယ်ဖျက်လိုခြင်းဖြစ်တာ ဖြစ်ပါတယ်။ နယ်နိမိတ်တိုင်းတာ ပိုင်းခြားကြပ်မတ်ရေးအရာရှိက နေပြည်တော်၊ ရန်ကုန်၊ မန္တလေး မြို့တော်က ဌာနမှူးဖြစ်ရမယ်။ နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရေးအရာရှိကလည်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဖြစ်ရမယ်လို့ ဆိုတဲ့ အချက်တွေက ဒါ နည်းဥပဒေမှာသာ ပြဋ္ဌာန်းသင့်တဲ့ ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် ဒီပြဋ္ဌာန်းချက်ကို ပုဒ်မ ၇(ခ) ကို ကျွန်တော် ပယ်ဖျက်လိုခြင်းဖြစ်ပါတယ်။ ဒါကတော့ ပုဒ်မ ၈(ဂ)ဖြစ်ပါတယ်။ ပုဒ်မ ၈(ဂ)က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ပြင်ဆင်ချက်မှာပါတဲ့ တစ်ဆက်တစ်စပ်တည်း ဆိုတဲ့ဟာကို တစ်စပ်တည်းဆိုတဲ့စကားရပ်နဲ့ ပြင်ဆင်ပြီးတော့ စစ်ဆေးရန်လိုအပ်ပါက မည်သည့်ပုဂ္ဂိုလ် ဆိုတဲ့နေရာမှာ ယင်းနှင့်သက်ဆိုင်သည့်ပုဂ္ဂိုလ်လို့ ကျွန်တော်က ပြင်ဆင်ခြင်းဖြစ်ပါတယ်။

အဖွဲ့အစည်းတွေဆင့်ခေါ်ရာမှာ မြေနဲ့မသက်ဆိုင်တဲ့လူကို ဆင့်ခေါ်လို့ တားဆီးရာရောက်ရင် ဒီဥပဒေပုဒ်မပါ ပုဒ်မ ၂၁ ပြစ်ဒဏ်အရ ထောင်ဒဏ်(၆)လ ကျနိုင်တဲ့အတွက် ယင်းမြေနှင့် သက်ဆိုင်တဲ့ သူကိုသာ ဒါ အရာရှိကနေ ဆင့်ခေါ်ရမယ်လို့ ကျွန်တော် ပြင်ဆင်ထားခြင်း ဖြစ်ပါတယ်။ ဒါကတော့ နောက်ဆုံး Slide ဖြစ်ပါတယ်။ ရှေ့မှာပြင်ဆင်ထားတဲ့ ကျွန်တော် အဓိပ္ပာယ် ဖွင့်ဆိုချက် ပုဒ်မ ၃(ခ)မှာ ပြင်ဆင်ထားတဲ့အတိုင်းပဲ။ နောက်ပိုင်း ရှေ့နောက်ညီညွတ်မှုရှိအောင် မှတ်တမ်းအထောက်အထား ဆိုပြီး ကျွန်တော် ပြင်ဆင်ထားခြင်းလည်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်းကို အသိပေးတင်ပြခြင်း

**အချိန်၊ ၁၁:၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၁၇)ရက်မြောက် ၉-၃-၂၀၁၇ ရက်နေ့တွင် ဦးကျော်သီဟ၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) (ဥက္ကဋ္ဌ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ) က အဆို တင်သွင်းပြီး ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၃၇)ရက်မြောက် ၃-၈-၂၀၁၇ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။

ယခု အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီးပေးပို့ထားသော ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**အချိန်၊ ၁၁:၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ပြည်သူ့လွှတ်တော်က ပေးပို့သော ပြင်ဆင်ချက်ကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ် ရေးထိုးပြီး ၁၀-၉ -၂၀၁၈ ရက်

(တနင်္လာနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]